## ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ မူ(၅)ချက်

၁) အမျိုးသားနိုင်ငံရေး (ဝါ) စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး
၂) ဒီမိုကရေစီရေး
၃) ဒီမိုကရေစီ ပညာရေး
၄) ကျောင်းသားထုအခွင့်အရေးကာကွယ်ရေး
၅) ငြိမ်းချမ်းရေး



## ခွပ်ဒေါင်းအလံ

ခွပ်ဒေါင်းအလံတော်သည်
ကျောင်းသားသမဂ္ဂများ၏
သစ္စာရှိ တိုက်ပွဲဝင်အလံသာဖြစ်သည်။
မည်သည့်ပါတီ၊ အဖွဲ့အစည်း၊
လူပုဂ္ဂိုလ်တဦးတယောက်မှ
လုယက်ခွင့်မရှိသော
ကျောင်းသားအောင်လံတော်ဖြစ်သည်။

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်



"အဆောက်အဦကိုသာ ဖြိုလို့ရမယ်၊
အမောင်တို့ ရင်ထဲက
သမဂ္ဂစိတ်ဓာတ်ကိုတော့
ဘယ်သူမှ ဖြိုလို့ မရပါဘူး။"
ဆရာကြီး သခင်ကိုယ်တော်မှိုင်း

(ဗိုလ်အောင်ကျော်ကျောက်တိုင်နဲ့အတူ
၇. ၇. ၁၉၆၂ နေ့မှာ
ကျဆုံးသွားသော
ကျောင်းသားစုစုပေါင်း
တစ်ရာကျော်ကိုရည်စူး၍
'ရာကျော်ကျောက်တိုင်'
ဖွင့်ပွဲအခမ်းအနားတွင်
ဆရာကြီးသခင်ကိုယ်တော်မှိုင်း
မိန့်ကြားခဲ့သောစကားမှ . . . ။)

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်

# ဇူလိုင်လ၊ ၇ ရက်၊ ၂၀၁၀ ခုနှစ်

## စစ်အာဏာရှင်စနစ်
## နှစ်ပေါင်း(၄၈)နှစ် ကြာခဲ့ပြီဖြစ်ကြောင်း
## သက်သေတည်သည့်နေ့

# ဇူလိုင်လ၊ ၇ ရက်၊ ၁၉၆၂ ခုနှစ်



ဒိုင်းနမိုက်ဖြင့်ဖြိုခွင်းခံရသော
ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦ။

၁၉၆၂ခုနှစ် ဇူလိုင်(၇)ရက်အရေးတော်ပုံတွင်
ကျဆုံးသွားခဲ့သော မြောင်းမြမှ
ကျောင်းသား ကိုကျော်ဝင်း(ဝိဇ္ဇာ – ခ – တန်း)၏
သူ့ခန္ဓာကိုယ်ကသွေးနှင့်
သူကိုယ်တိုင်ရေးသားခဲ့သော
မန္တလေးဆောင် နံရံမှသွေးစာတန်း။

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်

လူထုကြီးက ကျုပ်ကိုပေးထားတဲ့
လူထုခေါင်းဆောင်ဆိုတဲ့ဂုဏ်ကို၊
ဝန်ကြီးဆိုတဲ့ဂုဏ်ထက် ကျုပ်ပိုမက်တယ်ဆိုတာ
ခင်ဗျားတို့မှတ်ထားလိုက်ကြပါ။ ကျုပ်စိတ်ထဲမှာဆိုရင်
ဝန်ကြီးဆိုတဲ့ဂုဏ်ဟာ၊
လူထုခေါင်းဆောင်ဆိုတဲ့ ဂုဏ်ရဲ့ခြေဖျားမှာကပ်နေတဲ့
ခြေမှုန့်လောက်ပဲလို့ ကျုပ်မှတ်ထားပါတယ်။
ဗိုလ်ချုပ်အောင်ဆန်း
(၁၉၄၆ ခုနှစ် အောက်တိုဘာလ ၂၂ ရက်၊
အသံလွှင့်မိန့်ခွန်းထဲမှ ကောက်နုတ်ချက်)



**ကိုအောင်ဆန်း**
**ဥက္ကဌ**
**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ(၁၉၃၇)။**

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်

## ဗမာနိုင်ငံလုံးဆိုင်ရာ
## ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တွင်
## တာဝန်ထမ်းဆောင်ခဲ့သည့်ဥက္ကဌများစာရင်း

၁၊ ၁၉၃၆-၃၇ ကိုရာရှစ်
၂၊ ၁၉၃၇-၃၈ ကိုအောင်ဆန်း
၃၊ ၁၉၃၈-၃၉ ကိုအောင်ဆန်း
ကိုဗဟိန်း
(ကိုအောင်ဆန်း သက်တမ်းကုန်အောင်
မဆောင်ရွက်ဘဲ တို့ဗမာအစည်းအရုံးသို့ ဝင်သွား၍
ကိုဗဟိန်း ဆက်လက်ဆောင်ရွက်သည်၊)
၄၊ ၁၉၃၉-၄၀ ကိုလှရွှေ
၅၊ ၁၉၄၅-၄၆ ကိုသန်း
၆၊ ၁၉၄၆-၄၇ ကိုသန်းထွန်း
၇၊ ၁၉၄၆-၄၇ ကိုသန်းမောင်
၈၊ ၁၉၄၇-၄၈ ကိုထွန်းညွန့်
၉၊ ၁၉၄၈ ကိုသန်းကြွယ်
၁၀၊ ၁၉၄၈-၄၉ ကိုသန်း
၁၁၊ ၁၉၄၉-၅၀ ကိုအောင်သန်း
၁၂၊ ၁၉၅၁-၅၂ ကိုလှဝင်း
၁၃၊ ၁၉၅၂-၅၃ ကိုသိန်းအောင်
၁၄၊ ၁၉၅၃-၅၄ ကိုခင်ကျော်
၁၅၊ ၁၉၅၄-၅၆ ကိုခင်မောင်အုန်း
၁၆၊ ၁၉၅၆-၆၀ ကိုဇော်ဝင်း
၁၇၊ ၁၉၆၀-၆၂ ကိုခင်မောင်အုန်း
ကိုသက် (တော်လှန်ရေးကောင်စီ
အာဏာသိမ်းမှုကြေညာချက်ကြောင့်
ကိုခင်မောင်အုန်းကို ဖြုတ်ချပြီး၊
ဒုဥက္ကဌ ကိုသက် ဥက္ကဌဖြစ်လာခဲ့သည်၊)
၁၈၊ ၁၉၈၈-၈၉ ကိုမင်းကိုနိုင်

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်

## ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်
## ကျောင်းသားအရေးတော်ပုံ၏
## နိုင်ငံရေးအဓိပ္ပါယ်

အကြမ်းဖက်ဖြိုခွင်းခံခဲ့ရသည့်
ဇူလိုင် ၇ ရက် အရေးတော်ပုံတွင်
နိုင်ငံရေးအရ ဘယ်လိုအဓိပ္ပါယ်မျိုးတွေ
ထင်ဟပ်သွားခဲ့သလဲဆိုတာကို ဆန်းစစ်ကြည့်လျှင် –

(၁) ဇူလိုင် (၇)ရက် အရေးတော်ပုံသည်
ဗမာပြည်သမိုင်းတွင် စစ်အာဏာရှင်စနစ်ကို
တက်လျှင်တက်ချင်း အစောဆုံးဆန့်ကျင်ခဲ့သည့်
သပိတ်တိုက်ပွဲဖြစ်သည်။
(၂) စစ်အာဏာရှင်တို့၏ ဘီလူးရုပ်ကို
အစောဆုံးပွင့်ကျသွားစေသည့်
ကျောင်းသားသပိတ်တိုက်ပွဲဖြစ်သည်။
(၃) စစ်အာအာဏာရှင်စနစ်အောက်တွင်
ကျောင်းသားတို့ ပထမဆုံး သွေးမြေကျခဲ့ရသည့်
ကျောင်းသားတိုက်ပွဲဖြစ်သည်။
(၄) ဗမာပြည်နိုင်ငံရေးသမိုင်းတွင်
စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးအတွက်
ရေရှည်နိုင်ငံရေး အရင်းအနှီးရသွားသည့်
ကျောင်းသားတိုက်ပွဲဖြစ်သည်
ဆိုသောအချက်များကို တွေ့ရှိရသည်။

(ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ
၇ . ၇ . ၂၀၀၈ တွင် ပြန်လည်ထုတ်ဝေဖြန့်ချိခဲ့သည့်
အိုးဝေဂျာနယ် အမှတ် ၁ မှ –)

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်